# ပြည်ပမှစက်ဆီချောဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင် စိစစ်ခွင့်ပြုထုတ်ပေးနိုင်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့် (SOP)

## အခြေခံသတ်မှတ်ချက်များ

၁။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံရှိကုမ္ပဏီ၏ အောက်ပါစာရွက်စာတမ်းအထောက်အထားများပါရှိရမည်။

(၁) ကုမ္ပဏီ၏ Profile

(၂) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

(၃) Certificate of Exporter / Importer Registration

(၄) Certificate of Membership of UMFCCI

(၅) ကုမ္ပဏီ၏ From-VI နှင့် From-XXVI (DICA ၏ MYCO Website (www.myco.dica.gov.mm) တွင်တိုက်ဆိုင်စစ်ဆေးခြင်း)

(ခ) ထုတ်လုပ်သည့်နိုင်ငံခြားကုမ္ပဏီမှ တိုက်ရိုက်တင်သွင်းပါက အောက်ပါစာရွက်စာတမ်း အထောက်အထားများပါရှိရမည်။

(၁) ကုမ္ပဏီ၏ Profile

(၂) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

(၃) မြန်မာနိုင်ငံရှိကုမ္ပဏီသို့ Distributor ခန့်အပ်သည့်စာ "မူရင်း"( မူလ Product ထုတ်လုပ်သည့် နိုင်ငံခြားကုမ္ပဏီမှ မြန်မာနိုင်ငံရှိကုမ္ပဏီအား တိုက်ရိုက်ထုတ်ပေး ထားသော Distributor ခန့်အပ်စာ/Agreementကို သက်ဆိုင်ရာ နိုင်ငံခြားကုမ္ပဏီ များမှ PPRD ၏ data.pprd@moee.gov.mm Email သို့ပေးပို့စေပြီး တိုက်ဆိုင် စစ်ဆေးခြင်း။)

(ဂ) ထုတ်လုပ်သည့်နိုင်ငံခြားကုမ္ပဏီမှတစ်ဆင့် ကြားခံနိုင်ငံခြားကုမ္ပဏီမှ တင်သွင်းပါက အောက်ပါစာရွက်စာတမ်းအထောက်အထားများပါရှိရမည်။

(၁) ကုမ္ပဏီ၏ Profile

(၂) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

(၃) ထုတ်လုပ်သည့်နိုင်ငံခြားကုမ္ပဏီမှ တင်သွင်းသည့်နိုင်ငံခြားကုမ္ပဏီသို့ Distributor ခန့်အပ်သည့်စာ (သို့မဟုတ်) Agreement

(၄) မြန်မာနိုင်ငံရှိကုမ္ပဏီသို့ Distributor ခန့်အပ်သည့်စာ"မူရင်း" ( မူလ Product ထုတ်လုပ်သည့်နိုင်ငံခြားကုမ္ပဏီမှ မြန်မာနိုင်ငံရှိကုမ္ပဏီအား တိုက်ရိုက်ထုတ်ပေး ထားသော(သို့မဟုတ်)အဆင့်ဆင့်ထုတ်ပေးထားသော Distributor ခန့်အပ်စာ/ Agreement ကို သက်ဆိုင်ရာနိုင်ငံခြားကုမ္ပဏီများမှ PPRD ၏ data.pprd @moee.gov.mm Email သို့ပေးပို့စေပြီး တိုက်ဆိုင်စစ်ဆေးခြင်း။)

(ဃ) တင်သွင်းသည့်စက်ဆီချောဆီ၏ Proforma Invoice မူရင်း ပါရှိရမည်။

(င) တင်သွင်းသည့်စက်ဆီချောဆီ၏ Packing List မူရင်း ပါရှိရမည်။

(စ) တင်သွင်းသည့်စက်ဆီချောဆီ၏ Specification ပါရှိရမည်။

**လိုင်စင်အဆိုပြုလျှောက်ထားခြင်း**

၁။ ပြည်ပမှစက်ဆီချောဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်အား အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားရမည်-

(က) မြန်မာနိုင်ငံရှိကုမ္ပဏီ၏ စာရွက်စာတမ်းအထောက်အထားများ

(၁) တင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်လျှောက်လွှာ

(၂) ကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်၏မှတ်ပုံတင်(မိတ္တူ)

(၃) ကုမ္ပဏီ၏ Profile

(၄) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

(၅) Certificate of Exporter / Importer Registration

(၆) Certificate of Membership of UMFCCI

(၇) ကုမ္ပဏီ၏ From-VI နှင့် From-XXVI (DICA ၏ MYCO Website (www.myco.dica.gov.mm) တွင်တိုက်ဆိုင်စစ်ဆေးခြင်း)

(ခ) ထုတ်လုပ်သည့်နိုင်ငံခြားကုမ္ပဏီမှ တိုက်ရိုက်တင်သွင်းပါက လိုအပ်သည့်စာရွက်စာတမ်း အထောက်အထားများ

(၁) ကုမ္ပဏီ၏ Profile

(၂) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

(၃) မြန်မာနိုင်ငံရှိကုမ္ပဏီသို့ Distributor ခန့်အပ်သည့်စာ "မူရင်း"( မူလ Product ထုတ်လုပ်သည့် နိုင်ငံခြားကုမ္ပဏီမှ မြန်မာနိုင်ငံရှိကုမ္ပဏီအား တိုက်ရိုက် ထုတ်ပေး ထားသော Distributor ခန့်အပ်စာ /Agreement ကိုသက်ဆိုင်ရာ နိုင်ငံခြားကုမ္ပဏီများမှ PPRD ၏ data.pprd@moee.gov.mm Email သို့ ပေးပို့စေပြီး တိုက်ဆိုင်စစ်ဆေးခြင်း။)

(ဂ) ထုတ်လုပ်သည့်နိုင်ငံခြားကုမ္ပဏီမှတစ်ဆင့် ကြားခံနိုင်ငံခြားကုမ္ပဏီမှ တင်သွင်းပါက လိုအပ်သည့်စာရွက်စာတမ်းအထောက်အထားများ

(၁) ကုမ္ပဏီ၏ Profile

(၂) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

(၃) ထုတ်လုပ်သည့်နိုင်ငံခြားကုမ္ပဏီမှ တင်သွင်းသည့်နိုင်ငံခြားကုမ္ပဏီသို့ Distributor ခန့်အပ်သည့်စာ (သို့မဟုတ်) Agreement

(၄) မြန်မာနိုင်ငံရှိကုမ္ပဏီသို့ Distributor ခန့်အပ်သည့်စာ"မူရင်း" ( မူလ Product ထုတ်လုပ်သည့်နိုင်ငံခြားကုမ္ပဏီမှ မြန်မာနိုင်ငံရှိကုမ္ပဏီအား တိုက်ရိုက်ထုတ်ပေး ထားသော(သို့မဟုတ်)အဆင့်ဆင့်ထုတ်ပေးထားသော Distributor ခန့်အပ်စာ / Agreement ကိုသက်ဆိုင်ရာနိုင်ငံခြားကုမ္ပဏီများမှ PPRD ၏ data.pprd @moee.gov.mm Email သို့ ပေးပို့စေပြီး တိုက်ဆိုင်စစ်ဆေးခြင်း။)

(ဃ) ကုန်သွယ်ရေးဦးစီးဌာနသို့ သွင်းကုန်လိုင်စင်လျှောက်ထားရန်တင်ပြသည့် အောက်ပါ စာရွက်စာတမ်းအထောက်အထားများ -

(၁) သွင်းကုန်လိုင်စင်လျှောက်ထားခြင်းအတွက်ထောက်ခံပေးပါရန်(လျှောက်လွှာ)

(၂) ဝန်ခံကတိ
(၃) Proforma Invoice "မူရင်း"
(၄) Packing List "မူရင်း"
(၅) Sale Contract "မူရင်း"
(၆) Proforma Invoice အတွက် FE Earning ရှိကြောင်း ဘဏ်ထောက်ခံချက် "မူရင်း" (သို့မဟုတ်) FE Earning ရှိသည့်ဘဏ်စာအုပ် "မူရင်း"
(သို့မဟုတ်)
Proforma Invoice အတွက် မြန်မာကျပ်ငွေရှိကြောင်း ဘဏ်ထောက်ခံချက် "မူရင်း" (သို့မဟုတ်) မြန်မာကျပ်ငွေရှိသည့်ဘဏ်စာအုပ် "မူရင်း"
(၇) တင်သွင်းသည့်စက်ဆီချောဆီ Catalogue (with Colour)
(၈) တင်သွင်းသည့်စက်ဆီချောဆီ၏ Specification

၂။ အဆိုပြုလျှောက်ထားမှုအား သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ/မရှိ စိစစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီပါက သတ်မှတ်လိုင်စင်ကြေးပေးသွင်းစေလျက် (၁)နှစ်သက်တမ်းရှိ ပြည်ပမှ စက်ဆီချောဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်နှင့် လျှောက်လွှာတွင်ပူးတွဲပါရှိသည့် Product အလိုက် PPRD အမှတ်တံဆိပ်ပါ Code No. များအား ခွင့်ပြုထုတ်ပေးမည်။

၃။ ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ပြည်ပမှစက်ဆီချောဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း) ရရှိပြီးပါက လိုင်စင်မိတ္တူနှင့်အတူ ကုန်သွယ်ရေးဦးစီးဌာနသို့ လိုင်စင်လျှောက်ထားရမည်။

၄။ PPRD အမှတ်တံဆိပ်ပါ Code နံပါတ်များ ရရှိပြီးပါက သွင်းကုန်လိုင်စင်တွင် ဖော်ပြပါရှိသည့် Item အလိုက် ထုပ်ပိုးပစ္စည်း(ဗူး၊ ပုံး၊ တိုင်ကီ)များအားလုံးတွင် မြင်သာထင်ရှားသည့်နေရာ၌ သတ်မှတ်ထားသည့် PPRD အမှတ်တံဆိပ်ပါ Code No များအား ပြည်ပမှတစ်ပါတည်းရိုက်နှိပ် တင်သွင်းရမည်။

၅။ ပထမအကြိမ်တင်သွင်းရောက်ရှိလာသည့်သက်ဆိုင်ရာ PPRD အမှတ်တံဆိပ်ပါ Code No ရိုက်နှိပ်ထားသည့် စက်ဆီချောဆီ အမျိုးအစားအလိုက်နမူနာများအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးစေပြီး အရည်အသွေး ကိုက်ညီမှန်ကန်မှုရှိမှသာ ဆိပ်ကမ်းထုတ်ယူခွင့်နှင့်ဖြန့်ဖြူးခွင့်ပြုမည်။

၆။ လိုင်စင်သက်တမ်းမကုန်ဆုံးမီအတွင်း ပြည်ပမှ စက်ဆီချောဆီထပ်မံတင်သွင်းရာတွင် Products နှင့် Packing List များကွဲလွဲမှုရှိပါက သွင်းကုန်လိုင်စင်မူရင်း၊ မိတ္တူနှင့်အတူ ထပ်မံတိုးမြှင့်တင်သွင်းသည့် Products နှင့် Packing များအတွက် PPRD အမှတ်တံဆိပ်ပါ Code နံပါတ်အသစ် ထပ်မံလျှောက်ထား ထုတ်ယူရမည်။

၇။ အသစ်ထပ်မံတင်သွင်းသည့် Products များနှင့်ပတ်သက်၍ အရည်အသွေးဓာတ်ခွဲစမ်းသပ် စစ်ဆေးပြီး ကိုက်ညီမှန်ကန်မှုရှိပါက ဆိပ်ကမ်းထုတ်ယူခွင့်နှင့်ဖြန့်ဖြူးခွင့်ပြုမည်။

၈။ ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ပြည်ပမှစက်ဆီချောဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း) သည် စက်ဆီချောဆီ Brand Name (၁) ခု ဖြင့်ထုတ်လုပ်သည့် Products များအားလုံးပါဝင်သည်။

၉။ ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ပြည်ပမှစက်ဆီချောဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း)၏ သက်တမ်းသည် လိုင်စင်ခွင့်ပြုထုတ်ပေးသည့်နေ့မှစတင်၍ (၁)နှစ်တိတိဖြစ်သည်။

## လိုင်စင်သက်တမ်းတိုးမြှင့်ခြင်း

၁။ လိုင်စင်ရရှိသူသည် လိုင်စင်ခွင့်ပြုထုတ်ပေးသည့်နေ့မှစတင်၍ လိုင်စင်သက်တမ်းမကုန်ဆုံးမီ (၂)လအတွင်း လိုင်စင်သက်တမ်းတိုးမြှင့်ခွင့်ပြုရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းအထောက်အထားများဖြင့် လျှောက်ထားရမည်-

(က) မြန်မာနိုင်ငံရှိကုမ္ပဏီ၏ စာရွက်စာတမ်းအထောက်အထားများ
- (၁) တင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်လျှောက်လွှာ
- (၂) ကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်၏မှတ်ပုံတင်(မိတ္တူ)
- (၃) ကုမ္ပဏီ၏ Profile
- (၄) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်
- (၅) Certificate of Exporter / Importer Registration
- (၆) Certificate of Membership of UMFCCI
- (၇) ကုမ္ပဏီ၏ From-VI နှင့် From-XXVI (DICA ၏ MYCO Website (www.myco.dica.gov.mm)တွင်တိုက်ဆိုင်စစ်ဆေးခြင်း

(ခ) ထုတ်လုပ်သည့်နိုင်ငံခြားကုမ္ပဏီမှ တိုက်ရိုက်တင်သွင်းပါက လိုအပ်သည့်စာရွက်စာတမ်းအထောက်အထားများ-
- (၁) ကုမ္ပဏီ၏ Profile
- (၂) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်
- (၃) မြန်မာနိုင်ငံရှိကုမ္ပဏီသို့ Distributor ခန့်အပ်သည့်စာ "မူရင်း"( မူလ Product ထုတ်လုပ်သည့် နိုင်ငံခြားကုမ္ပဏီမှ မြန်မာနိုင်ငံရှိကုမ္ပဏီအား တိုက်ရိုက်ထုတ်ပေးထားသော Distributor ခန့်အပ်စာ /Agreement ကိုသက်ဆိုင်ရာနိုင်ငံခြားကုမ္ပဏီများမှ PPRD ၏ data.pprd@moee.gov.mm Email သို့ ပေးပို့စေပြီး တိုက်ဆိုင်စစ်ဆေးခြင်း။)

(ဂ) ထုတ်လုပ်သည့်နိုင်ငံခြားကုမ္ပဏီမှတစ်ဆင့် ကြားခံနိုင်ငံခြားကုမ္ပဏီမှ တင်သွင်းပါက လိုအပ်သည့်စာရွက်စာတမ်းအထောက်အထားများ-
- (၁) ကုမ္ပဏီ၏ Profile
- (၂) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်
- (၃) ထုတ်လုပ်သည့်နိုင်ငံခြားကုမ္ပဏီမှ တင်သွင်းသည့်နိုင်ငံခြားကုမ္ပဏီသို့ Distributor ခန့်အပ်သည့်စာ (သို့မဟုတ်) Agreement

**အမည်ပြောင်းလဲခြင်း**

၁။ ပြည်ပမှစက်ဆီချောဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင် အမည်ပြောင်းလဲခွင့်ပြုရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများဖြင့် လျှောက်ထားရမည်-

(က) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့်အချက်အလက်များ

(ခ) ဆက်သွယ်ရန်လိပ်စာနှင့်တယ်လီဖုန်းနံပါတ်

(ဂ) ပြည်ပမှစက်ဆီချောဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင် မူရင်းနှင့်မိတ္တူ

(ဃ) အမည်ပြောင်းလဲလိုသည့်ကုမ္ပဏီ၏ သိုလှောင်ရုံနှင့်သိုလှောင်ခွင့်လိုင်စင် မူရင်းနှင့်မိတ္တူ

(စ) မူလပိုင်ရှင်နှင့် ကုမ္ပဏီအမည်ပြောင်းလဲလိုသူ၏ နှစ်ဦးသဘောတူ စာချုပ်စာတမ်း အထောက်အထားမူရင်းနှင့်မိတ္တူ

၂။ ပြည်ပမှစက်ဆီချောဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလုပ်ငန်းလိုင်စင်အတွက် အမည်ပြောင်းလဲ လျှောက်ထားမှုအားစိစစ်၍ သတ်မှတ်ချက်များနှင့်ကိုက်ညီပါက အမည်ပြောင်းလဲခွင့်ပြုမည်။

၃။ ပြည်ပမှစက်ဆီချောဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်အတွက် အမည်ပြောင်းလဲသူက သတ်မှတ်ထားသောကျသင့်အခကြေးငွေများကိုပေးသွင်းရမည်။

**ပျက်စီး /ပျောက်ဆုံး၍ မိတ္တူမှန်လျှောက်ထားခြင်း**

၁။ ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ပြည်ပမှစက်ဆီချောဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်) ပျက်စီး/ပျောက်ဆုံး၍ မိတ္တူမှန်ထုတ်ယူလိုပါက အောက်ဖော်ပြပါစာရွက်စာတမ်းအထောက်အထားစုံလင်စွာဖြင့် PPRD သို့ လျှောက်ထားရမည်-

(က) လုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများ၏ လိုင်စင်မိတ္တူမှန် လျှောက်ထားရန် (လျှောက်လွှာ)

(က) ပျက်စီး/ပျောက်ဆုံးကြောင်း လုပ်ငန်းရှင်/ကုမ္ပဏီ၏ ကတိဝန်ခံချက်

(ခ) ပျက်စီး/ပျောက်ဆုံးသည်မှာမှန်ကန်ကြောင်း သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်

(ဂ) ပျက်စီး/ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း သက်ဆိုင်ရာနယ်မြေရဲစခန်း၏ ထောက်ခံချက်

(ဃ) တင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင် (မိတ္တူ)

၂။ ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ပြည်ပမှစက်ဆီချောဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း) ပျက်စီး/ပျောက်ဆုံး၍ မိတ္တူမှန်ထုတ်ယူလိုကြောင်းတင်ပြလျှောက်ထားလာခြင်းအား သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ/မရှိ စိစစ်ပြီးကိုက်ညီမှန်ကန်ပါက သတ်မှတ်ထားသောကျသင့်အခကြေးငွေများကို ပေးသွင်းရမည်။

## ယာယီပိတ်သိမ်းခြင်း

၁။ လိုင်စင်ယာယီပိတ်သိမ်းခြင်း(၂) မျိုးရှိပါသည်။

(က) ပထမအကြိမ်တင်သွင်းရောက်ရှိလာသည့် စက်ဆီချောဆီများ၏နမူနာအား ဓာတ်ခွဲစမ်းသပ်စစ်ဆေး၍ အရည်အသွေးကိုက်ညီမှုမရှိပါက လုပ်ငန်းလိုင်စင်ယာယီပိတ်သိမ်းခြင်းနှင့်တင်သွင်းသည့်စက်ဆီချောဆီများအား ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်။

(ခ) လိုင်စင်ပါသတ်မှတ်စည်းကမ်းချက်များအား ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ လိုင်စင်ယာယီပိတ်သိမ်ခြင်း

၂။ လိုင်စင်ပါသတ်မှတ်စည်းကမ်းချက်များအား ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အရ လိုင်စင်ယာယီပိတ်သိမ်ခြင်း-

(က) ယာယီပိတ်သိမ်းခြင်းအတွက် လိုင်စင်(မူရင်း)များအားသိမ်းဆည်း၍ သိမ်းဆည်းထားစဉ်ကာလအတွင်း လိုင်စင်(မိတ္တူမှန်)ထုတ်ပေးရမည်။

(ခ) လိုင်စင်ယာယီပိတ်သိမ်းထားစဉ်အတွင်း လိုင်စင်သက်တမ်းကုန်ဆုံးမည်ဆိုပါက သက်တမ်းကုန်ဆုံးရက်မတိုင်မီ လုပ်ငန်းရှင်သို့အကြောင်းကြား၍ သတ်မှတ်ချက်နှင့်အညီ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရမည်။

(ဂ) လုပ်ငန်းရှင်/ကုမ္ပဏီများမှ လုပ်ငန်းလိုင်စင်လျှောက်ထားရယူရန် လိုင်စင်ယာယီပိတ်သိမ်းကာလပြည့်မြောက်ရက်မတိုင်မီ ရုံးချုပ်သို့တင်ပြခွင့်ပြုချက်ရယူ ဆောင်ရွက်ရမည်။

(ဃ) ထပ်မံတင်သွင်းသည့် စက်ဆီချောဆီများ၏အရည်အသွေး ကိုက်ညီမှန်ကန်မှုရှိပါက သတ်မှတ်ချက်များနှင့်အညီလုပ်ငန်းလိုင်စင်အား စိစစ်ခွင့်ပြုထုတ်ပေးမည်။

## လိုင်စင်ရရှိသူများလိုက်နာရမည့်စည်းကမ်းချက်များ

၁။ ဤလုပ်ငန်းလိုင်စင်ရရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းမှအပ အခြား တစ်ဦးဦးသို့ ထပ်ဆင့်လွှဲပြောင်းလုပ်ကိုင်ခွင့်မပြု။ ထပ်ဆင့်လွှဲပြောင်းလိုပါက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်တောင်းခံရမည်။

၂။ ဤလုပ်ငန်းလိုင်စင်သည် ပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၃။ လုပ်ငန်းလိုင်စင်ရရှိသူသည် နိုင်ငံတော်မှ ပြဋ္ဌာန်းထုတ်ပြန်ထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာရမည်။

၄။ ပတ်ဝန်းကျင်လေထု၊ မြေထု၊ ရေထု ညစ်ညမ်းမှုမဖြစ်ပေါ်စေရန်အတွက် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်ရေးအစီအမံများကို စနစ်တကျဆောင်ရွက်ထားရှိရမည်။

၅။ လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သည့်အစီအမံများ ပြည့်စုံစွာ စီမံဆောင်ရွက်ထားရှိရမည်။

၆။ အရည်အသွေးမှန်ကန်မှုရှိရမည်။ လုပ်ငန်းလိုအပ်ချက်အရ တာဝန်ရှိသူများမှ အချိန်မရွေး လာရောက်စစ်ဆေးပါက လိုအပ်သလိုအစစ်ဆေးခံရမည်ဖြစ်ပြီး အရည်အသွေးစစ်ဆေးမှု အတွက် ကျသင့်သည့်ခာတ်ခွဲစမ်းသပ်ခများကို ကျခံပေးရမည်။

၇။ လစဉ် လဆန်း(၅)ရက်နေ့နောက်ဆုံးထား၍ ပြီးခဲ့သည့်ယခင်လအတွင်း ပြည်ပမှစက်ဆီ ချောဆီတင်သွင်း ဖြန့်ဖြူးရောင်းချခဲ့သည့် စာရင်းများကို သတ်မှတ်ပုံစံတွင်အမျိုးအစား အလိုက်ဖော်ပြပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်စစ်ဆေးရေး အရာရှိရုံးသို့ ပေးပို့ရမည်။

၈။ နှစ်စဉ် လိုင်စင်သက်တမ်းကုန်ဆုံးရက်မတိုင်မီ အပြီးဆောင်ရွက်ရန်နှင့် သက်တမ်းတိုးရန် ပျက်ကွက်ပါက ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်။

၉။ လိုင်စင်ထုတ်ယူခြင်း၊ သက်တမ်းတိုးခြင်းများအတွက် သတ်မှတ်ကျသင့်နှုန်းထားများ ပေးဆောင် ရမည်ဖြစ်ပြီး သက်တမ်းတိုးရက်ကျော်လွန်ခြင်း၊ ပျက်စီးပျောက်ဆုံးမှုများအား လိုင်စင်အသစ် ထပ်မံထုတ်ယူခြင်းအတွက် သတ်မှတ်ထားသောဒဏ်ကြေးများ ပေးဆောင်ရမည်။

၁၀။ အထက်ဖော်ပြပါလိုက်နာရမည့်စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက လုပ်ငန်းလိုင်စင်ကိုပိတ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းစသည့်ပြစ်ဒဏ်များကိုခံရမည့်အပြင် လိုအပ်ပါက တရားဥပဒေအရ အရေးယူခြင်းခံရမည်။